**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

ကြေညာချက်အမှတ် ( ၄ / ၂၀၁၉ )

၁၃၈၀ခုနှစ်၊ နယုန်လဆန်း ( ၉ ) ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

**၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွက် နှစ်ဝက်အစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာများ တင်ပြရန်ကြေညာချက်**

၁။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ အခန်း၁၃၊ ပုဒ်မ ၇၁(ခ) နှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၊ အခန်း၁၂၊ အပိုဒ် ၁၉၈ တို့အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူကို ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် စဉ်ဆက်မပြတ်ထုတ်ဖော်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) အား ၂၀၁၆ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင်ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါအမိန့်ကြော်ငြာစာအပိုဒ်၁(က)အရ စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့်ကုမ္ပဏီ၊ ကောင်တာဈေးကွက်တွင် ၎င်း၏ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်သည့် အများနှင့် သက်ဆိုင်သောကုမ္ပဏီ၊ ဥပဒေပုဒ်မ၃၅ ၊ပုဒ်မခွဲ(က)အရ ကော်မရှင်၏အတည်ပြုချက်ကို ရယူထားသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီနှင့် အစုရှယ်ယာပိုင်ရှင်အရေအတွက် ၁၀၀ ဦးထက်ပိုရှိသော အများနှင့် သက်ဆိုင်သောကုမ္ပဏီများသည် နှစ်ပတ်လည်အစီရင်ခံစာ၊ နှစ်ဝက်အစီရင်ခံစာ နှင့် အထူးအစီရင်ခံစာ တစ်ရပ်ရပ်ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သို့ တင်ပြရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍အထက်အပိုဒ်(၂)တွင်ဖော်ပြထားသည့် ကုမ္ပဏီများအနေဖြင့် ၃၀-၉-၂၀၁၈ရက်နေ့တွင်ကုန်ဆုံးသည့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်နှစ်ဝက်အစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာတို့အား ၂၀၁၉ခုနှစ်၊ ဇွန်လ၃၀ရက်နေ့နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ဤကော်မရှင်သို့တင်ပြရန်အသိပေးကြေညာအပ်ပါသည်-

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
အမှတ်(၂၁-၂၅)(ဒုတိယထပ်)၊ဆူးလေဘုရားလမ်းနှင့်ကုန်သည်လမ်းထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၃၇၃၉၅၉